+ ၂၀၀၂
ဖေဖော်ဝါရီလ
၂၂ ရက်

## တရားမအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့်
ဒေါက်တာတင်အောင်အေးတို့၏ရှေ့တွင်**

ဒေါ်စန်းနိုင်
နှင့်
ဦးဝင်းကို ပါ ၂*

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂၁ (၄) နှင့် ၂၁ (၇) ပါ ပြဋ္ဌာန်းချက်၊ အငှားချထားရမည့် ဥပစာသည် လစ်လပ်မှသာ ငှားရမ်းခကြီးကြပ်ရေးဝန်အနေဖြင့် ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊ ထိုလုပ်ပိုင်ခွင့်တွင် အဆိုပါ တိုက်ခန်းတွင် နေထိုင်သူသည် အိမ်ငှားဟုတ်-မဟုတ်၊ တရားမဝင်နေထိုင်သူ ဟုတ်-မဟုတ် ဆုံးဖြတ်ရန် အခွင့်အာဏာပေးအပ်ထားမှု မရှိခြင်း၊ ပြည်သူပိုင်သိမ်းထားသည့် အခန်းကို ပြည်သူပိုင်သိမ်းခြင်းမှ ရုပ်စဲ၍ ပိုင်ရှင်သို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အခါ အဆိုပါပြည်သူပိုင်သိမ်းထားသည့်အခန်းတွင် အငှားချထားခြင်းခံရသူသည် ပိုင်ရှင်၏ အိမ်ငှားအဖြစ် ဆက်လက်ရပ်တည်ခြင်း။

**ဆုံးဖြတ်ချက်။** ဥပစာကို တစ်ဦးတစ်ယောက်သောသူအား အငှားချထားရန် အိမ်ရှင်အား ဆင့်ဆိုခွင့်ကို ပုဒ်မ ၂၁ (၄) တွင် ငှားရမ်းခကြီးကြပ်ရေးဝန်အား အပ်နှင်းထားရာ ထိုပုဒ်မအရ ကြီးကြပ်ရေးဝန်က ဆောင်ရွက်နိုင်ရန်မှာ အငှားချထားရမည့်ဥပစာသည် လူနေထိုင်ရန် ဥပစာဖြစ်ရမည်၊ အိမ်ရှင်ရှိရမည်၊ ဥပစာမှ ယခင်အိမ်ငှား ထွက်ခွာသွားပြီးဖြစ်ရမည် သို့မဟုတ် ထွက်ခွာသွားမည့်ဆဲဆဲဖြစ်ရမည်ဖြစ်သည်။

---

* ၂၀၀၁ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၃၄

\+ ၂၀၀၁ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၇၉ တွင် ချမှတ်သော ၁၁-၇-၂၀၀၁ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်) ၏စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

**ဦးစိန်လင်း နှင့် ရန်ကုန်မြို့၊ ငှားရမ်းခကြီးကြပ်ရေးဝန်ပါ ၃[၁] အမှုတွင် "လူနေထိုင်ရန်ဥပစာမှာ လစ်လပ်မှသာ ငှားရမ်းခကြီးကြပ်ရေးဝန်က ပုဒ်မ ၁၆-ကက (၄) [ယခုပုဒ်မ ၂၁ (၄)] အရ ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း၊ ဥပစာတွင် နေထိုင်ပြီးဖြစ်သည့်အချိန်တွင် ၎င်းသည် အရေးယူဆောင်ရွက်ခြင်းမပြုနိုင်၊ သို့ဖြစ်၍ ၎င်း၏ဆောင်ရွက်ချက်သည် စီရင်ပိုင်ခွင့်အာဏာမရှိဘဲ ဆောင်ရွက်ခြင်းဖြစ်ကြောင်း လမ်းညွှန်ထုံးဖွဲ့ထားသည်။**

သက်သေခံအထောက်အထားများအရ အချင်းဖြစ်တိုက်ခန်းတွင် မူလရုံးတရားပြိုင် ဦးဝင်းကို နေထိုင်လျက်ရှိကြောင်း အငြင်းမပွားချေ။ ဦးဝင်းကိုသည် ၎င်း၏ဖခင် အိမ်ငှားဝိဇ္ဇာ ဦးမောင်ကိုအား အကြောင်းပြု၍ အိမ်ငှား၏ မိသားစုဝင်အဖြစ် နေထိုင်ခြင်းဖြစ်သည်။ အိမ်ငှား၏ မိသားစုများ နေထိုင် လျက်ရှိသဖြင့် အချင်းဖြစ်တိုက်ခန်းမှ အိမ်ငှား ထွက်ခွာသွားပြီးဖြစ်သည် သို့တည်းမဟုတ် ထွက်ခွာသွားမည့်ဆဲဆဲ ဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ထိုအခန်းသည် လစ်လပ်သည့် အခန်း မဟုတ်ချေ။ သို့ဖြစ်၍ ငှားရမ်းခ ကြီးကြပ်ရေးဝန်အနေဖြင့် ပုဒ်မ၂၁ (၄) အရ အချင်းဖြစ်တိုက်ခန်းနှင့် စပ်လျဉ်း၍ အငှားချထားရန် ပိုင်ရှင်အား ဆင့်ဆိုနိုင်မည်မဟုတ်ပေ။ ထိုသို့ ဆင့်ဆိုနိုင်မည်မဟုတ်သောကြောင့် ပုဒ်မ ၂၁ (၇) အရ အရေးယူ ဆောင်ရွက်ရန်လည်း အကြောင်းမပေါ်ပေါက်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်၏ ပုဒ်မ ၂၁ (၄) နှင့် ပုဒ်မ ၂၁ (၇) တို့အရ လုပ်ပိုင်ခွင့်တွင် အချင်းဖြစ်တိုက်ခန်းတွင် နေထိုင်သူသည် အိမ်ငှားဟုတ် မဟုတ်၊ တရားမဝင်နေထိုင်သူဖြစ်သည်ဟု ဆုံးဖြတ်ရန် ထိုဥပဒေက အခွင့်အာဏာပေးထားခြင်း မရှိပေ။ အခွင့်အာဏာ ပေးအပ်ထားခြင်းမရှိဘဲနှင့် ဆုံးဖြတ်ထားသည့် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်၏ ဆုံးဖြတ်ချက်ကို တရားရုံးက လိုက်နာရန် မလိုချေ။ စီမံခန့်ခွဲရေးနည်းလမ်းအရ ဆောင်ရွက်ထားသော မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဝန်၏ အမှုအမှတ် ၁၈/၉၄ ပါ ဆုံးဖြတ်ချက်သည် အခွင့်အာဏာမရှိဘဲ ဆုံးဖြတ်ချက်ဖြစ်၍ တရားရုံး၏ စီရင်ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးသည့် စည်းနှောင်အားရှိသော ဆုံးဖြတ်ချက်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** အချင်းဖြစ်တိုက်ခန်းသည် ပြည်သူပိုင်သိမ်းထားသည့် တိုက်ခန်းဖြစ်၍ အချင်းဖြစ်တိုက်ခန်းကို အမှတ် ၁ တရားပြိုင် ဦးဝင်းကို၏ဖခင် ဝိဇ္ဇာဦးမောင်ကိုသို့ အိုးအိမ်ဦးစီးဌာနမှ အငှားချထားခဲ့ကြောင်း သက်သေထင်ရှားပေါ်ပေါက်သည်။ အချင်းဖြစ် တိုက်ခန်းကို အငှားချထားခဲ့သည့် အနေအထားဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက အဆောက်အအုံပိုင်ရှင် ဦးဘွန်စိန်နှင့် ဒေါ်စန်းနိုင်တို့အား ၂၆-၁-၉၃ ရက်စွဲပါ သက်သေခံအမှတ် (ဂ) ဖြင့် လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်သည်။

ပြည်သူပိုင်သိမ်းထားသည့်အခန်းကို ပြည်သူပိုင်သိမ်းခြင်းမှ ရပ်စဲ၍ ပိုင်ရှင်သို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အခါ အဆိုပါပြည်သူပိုင်သိမ်းထားသည့်အခန်းတွင် အငှားချထားခြင်းခံရသူသည် ပိုင်ရှင်၏ အိမ်ငှားအဖြစ် ဆက်လက်ရပ်တည်သည်။

အယူခံတရားလိုအတွက် - ဦးမြအောင်
တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်များအတွက် - ဦးမင်းစိန်
တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၈ ခုနှစ် တရားမကြီးမှုအမှတ် ၄၈၆ တွင် တရားလို ဒေါ်စန်းနိုင်က တရားပြိုင်ဦးဝင်းကိုနှင့် ဒေါ်သန်းသန်းနွဲ့ တို့အပေါ် ကျူးကျော်နေထိုင်သူများအား နှင်ထုတ်ဖယ်ရှားပြီး အခန်း လက်ရောက်ရလိုမှုစွဲဆိုရာ တိုင်းတရားရုံးက အမှုကို ပလပ်ကြောင်း အမိန့် ချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီအပေါ် ဒေါ်စန်းနိုင်က မကျေနပ်၍ တရားရုံးချုပ်သို့ ၂၀၀၁ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၇၉ ဖြင့် အယူခံဝင်ရောက်ခဲ့ရာ မူလတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုပြီး အယူခံမှုကို ပလပ်သည်။ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ၂၀၀၀ ပြည့်နှစ်တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးပေးရန် ဒေါ်စန်းနိုင်က လျှောက်ထားရာတွင် တရားရုံးချုပ်အထူးခုံရုံးက အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာနိုင်ရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

၁။ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်ရုံး၏ အမှုအမှတ် ၁၈/၉၄ တွင် လျှောက်ထားခံရသူ ဦးဝင်းကိုသည်အချင်းဖြစ် အခန်း၌ တရားမဝင်နေထိုင်သူဖြစ်ကြောင်း သတ်မှတ်ထားပြီးဖြစ်ပါလျက် တရားရုံးအဆင့်ဆင့်က ဦးဝင်းကိုသည် အချင်းဖြစ်အခန်းတွင် အိမ်ငှားအဖြစ် နေထိုင်သူဖြစ်ကြောင်း ကွဲလွဲ၍ ကောက်ယူဆုံးဖြတ်ခွင့် ရှိ-မရှိ၊

၂။ ပြည်သူပိုင်သိမ်းအခန်းတွင် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့မှ အငှားချထားခံရသူသည် အချင်းဖြစ်အခန်းကို ပြည်သူပိုင်သိမ်းခြင်းမှ ရပ်စဲ၍ ပိုင်ရှင်သို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အခါ အဆိုပါ အငှားချထားခံရသူသည် ပိုင်ရှင်၏ အိမ်ငှားအဖြစ် ဆက်လက်ရပ်တည်နိုင်ခြင်း ရှိ-မရှိ။

မူလရုံးတရားလိုဒေါ်စန်းနိုင်က အဆိုလွှာတွင် ရန်ကုန်မြို့၊ မြို့မအရှေ့တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃အီး၂၊ တတိယတန်းမြေကွက်အမှတ် ၂၄ ၏ မြောက်ဘက်တစ်ဝက်၊ အလျား ၂၅ ပေ ၆ လက်မ × အနံ ၄၀ ပေရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ၃၄ လမ်း၊ အမှတ် ၁၃၀ဘီ/၁၃၂ ဟုခေါ်တွင်သည့် ၃ ထပ်တိုက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးထွန်းစိန်နှင့် သမီးဒေါ်စန်းနိုင်တို့နှစ်ဦးက ၃-၄-၆၇ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၂၁၁/၆၇ အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးထွန်းစိန်က အချင်းဖြစ်မြေနှင့် တိုက်အပေါ် စွန့်လွှတ်စာချုပ်အမှတ် ၁၀/၇၀ ဖြင့် စွန့်လွှတ်ခဲ့သဖြင့် အချင်းဖြစ်မြေနှင့် တိုက်ကို ဒေါ်စန်းနိုင်တစ်ဦးတည်း ပိုင်ဆိုင်ခဲ့ကြောင်း၊ အဆိုပါတိုက်၏ အမှတ် ၁၃၂ (မြေညီထပ်) အခန်းမှာ ပြည်သူပိုင်သိမ်းထားသည့် အခန်းဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၆-၁-၉၁ ရက်စွဲပါစာအရ ပြည်သူပိုင် အိမ်ခန်းစာရင်းမှ ပယ်ဖျက်ပြီးနောက် တရားလို၏ လက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ ထိုစဉ်က အချင်းဖြစ်အခန်း၌ တရားပြိုင်ဦးဝင်းကို လက်ရှိနေထိုင်လျက်ရှိပြီး နေအိမ်ခန်းကို ရောင်းချရန်စီစဉ်နေကြောင်း သိရှိရ၍ တရားလိုက ဦးဝင်းကိုအပေါ် ကျောက်တံတားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်ရုံးတွင် ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး

အက်ဥပဒေပုဒ်မ ၂၁(၁)(၄) နှင့် ၂၁(၇) တို့အရ လျှောက်ထားရာ ထိုရုံး၏ အမှုအမှတ် ၁၈/၉၄ တွင် ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁(၇) အရ ၂၁-၁၀-၉၅ နေ့နောက်ဆုံး ထား၍ ထွက်ခွာသွားရန်နှင့် ထွက်ခွာမသွားပါက အင်အားသုံးဖယ်ရှား မည်ဟု အမိန့်ချမှတ်ခဲ့ကြောင်း၊ ယင်းအမိန့်ကို ဦးဝင်းကိုက ပြန်လည် သုံးသပ်ပေးရန် လျှောက်ထားသော်လည်း ပယ်ချခဲ့ကြောင်း၊ ဦးဝင်းကိုက ကျောက်တံတားမြို့နယ်၊ ငှားရမ်းခကြီးကြပ်ရေးဝန်ရုံးအမှုမှတ် ၁၅/၉၄ ဖြင့် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆(၁) အရ အိမ်လခပေးသွင်းခွင့်ပြုရန် လျှောက်ထားရာတွင်လည်း အိမ်ငှားမဟုတ်၍ ပလပ်ခံခဲ့ရကြောင်း၊ တရားလိုက ကျောက်တံတားမြို့နယ် ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံး၏ အမှုအမှတ် ၁၈/၉၄ တွင် တရားပြိုင်အား နေအိမ်ခန်းမှ ဖယ်ရှားရန်အတွက် အမိန့်အတိုင်း အတည်ပြုရန် ကြီးစားစဉ် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၉-၅-၉၈ ရက်စွဲပါစာဖြင့် တရားရုံးတွင် ဖြေရှင်းဆောင်ရွက်ရန် အကြောင်းကြားသဖြင့် ကျူးကျော်သူအား နှင်ထုတ်ဖယ်ရှားပေးစေလိုမှုကို စွဲဆိုရခြင်းဖြစ်ကြောင်း ဖော်ပြအဆိုပြုသည်။

မူလရုံးတရားပြိုင်များ၏ ချေလွှာတွင် အချင်းဖြစ်အခန်းသည် ပြည်သူပိုင်သိမ်းသည့်အခန်းဖြစ်ကြောင်း၊ ၁၉၇၁ ခုနှစ်၊ ဇူလိုင်လကစ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီအစိုးရ၊ ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်သာယာရေးအဖွဲ့ (အဆောက် အအုံအုပ်ချုပ်မှုဌာန) နှင့်ကုန်သွယ်ရေးဝန်ကြီးဌာနတို့ညှိနှိုင်းကာ အချင်းဖြစ်အခန်းကို တရားဝင်အိမ်ငှားအဖြစ် တရားပြိုင်တို့အား ချထားခဲ့ သဖြင့် အိမ်ငှားအဖြစ်နေထိုင်လာခဲ့ခြင်းသာဖြစ်ကြောင်း၊ ထို့ကြောင့် အချင်းဖြစ်အခန်းတွင် တရားပြိုင်တို့နေထိုင်သည်မှာ အိမ်ငှားအဖြစ် နေထိုင်ခြင်းဖြစ်၍ ယခုလိုတရားစွဲနှင်ထုတ်ခွင့်မရှိကြောင်း၊ တရားလို စွဲဆိုသော မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံး၏ အမှုများမှာ ဤအမှုနှင့် မဆိုင်ကြောင်း၊ ယင်းအမှုမှ ဆုံးဖြတ်ချက်များသည် ဤအမှု အပေါ် လွှမ်းမိုးခြင်းမရှိသည့်အပြင် ယင်းဆုံးဖြတ်ချက်များကို ဖယ်ရှားပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၉-၅-၉၈ ရက်စွဲပါစာအမှတ် ၁၀၀/၂-၁/တယက အရ တရားရုံးတွင် ဖြေရှင်း ဆောင်ရွက်ရန် အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တရားစွဲဆိုရန်

အကြောင်း မပေါ်ပေါက်ကြောင်း၊ တရားပြိုင်တို့သည် မတရား ကျူးကျော်၍ အချင်းဖြစ်အခန်းတွင် နေထိုင်သူများမဟုတ်ဘဲ အိမ်ငှားအဖြစ် နေထိုင်သူများသာဖြစ်၍ ဤသို့လက်ရောက်ရလိုမှုကို စွဲဆိုခွင့် မရှိကြောင်း၊ အမှတ် ၁ တရားပြိုင်ဦးဝင်းကိုသည် အချင်းဖြစ်ဥပစာတွင် ၁၉၇၁ ခုနှစ် ဇူလိုင်လမှစ၍ နေထိုင်လာသူဖြစ်သဖြင့် တရားလိုအဆိုပြုသကဲ့သို့ ကျူးကျော်နေထိုင်ခြင်းဖြစ်လျှင် ထိုနေ့မှစ၍ ကျူးကျော်နေထိုင်ခြင်းကို လက်ခံရမည်ဖြစ်ကြောင်း၊ ထိုသို့လက်ခံလျှင် စတင်ကျူးကျော်သောနေ့တွင် အချင်းဖြစ် အကြောင်းအရာပေါ်ပေါက်သောကြောင့် ၁၉၇၁ ခုနှစ်မှစ၍ ရေတွက်လျှင် တရားလိုစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်နေပြီဖြစ်၍ အဆိုလွှာကို ပယ်ရန်သာရှိကြောင်း စသည်ဖြင့်ချေပသည်။

မူလတိုင်းတရားရုံးက တရားပြိုင်ဦးဝင်းကိုတို့သည် အိမ်ငှားများအဖြစ် အချင်းဖြစ်အခန်းတွင် နေထိုင်ကြောင်း ပေါ်ပေါက်သည်ဟု သုံးသပ်လျက် တရားလိုဒေါ်စန်းနိုင်၏ စွဲဆိုမှုကို ပလပ်ကြောင်း ဒီကရီ ချမှတ်သည်။

တရားရုံးချုပ်က မူလမှုတွင်ပေါ်ပေါက်သည့် သက်သေခံချက်များအရ မူလရုံးတရားပြိုင်များသည် အချင်းဖြစ်တိုက်ခန်းတွင် ကျူးကျော်ဝင်ရောက်နေထိုင်သူများမဟုတ်ကြောင်း၊ သက်ဆိုင်ရာအမှတ် ၁ တရားပြိုင် ဦးဝင်းကို၏ဖခင် ဝိဇ္ဇာမောင်ကိုအမည်ဖြင့် ပြည်သူပိုင်သိမ်းခဲ့သည့် အခန်းကို အငှားချထားပေးခဲ့သောကြောင့် ၁၉၇၁ ခုနှစ်ကပင် ဦးမောင်ကိုအမည်ဖြင့် အိုးအိမ်ဦးစီးဌာနသို့ အိမ်လခပေးသွင်းသည့် ပြေစာများ တင်ပြခဲ့သဖြင့် အိမ်ငှားများဖြစ်ကြောင်း ပေါ်ပေါက်သည်ဟု သုံးသပ်ကာ တိုင်းတရားရုံး၏ ဒီကရီကို ဆက်လက်အတည်ပြုသည်။

အယူခံတရားလို၏ရှေ့နေက ငှားရမ်းခကြီးကြပ်ရေးဝန်၏ အမှုအမှတ် ၁၈/၉၄ တွင် အယူခံတရားပြိုင်များသည် တရားမဝင်နေထိုင်သူများ ဖြစ်သည်ဟုဆုံးဖြတ်ထားသည်ကို ရန်ကုန်တိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့မှ အိမ်ငှားအဖြစ် ဆန့်ကျင်သုံးသပ်ထားသည့်အပြင် ငှားရမ်းခကြီးကြပ်ရေးဝန်၏ အမိန့်ကိုလည်း တရားရုံးများက သက်သေခံအဖြစ် လက်ခံခြင်းမပြုဘဲ မျက်ကွယ်ပြုခဲ့ခြင်းမှာ ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၈(၃) အား ဆန့်ကျင်ဆုံးဖြတ်ရာရောက်ရှိကြောင်း၊ ကျောက်တံတားမြို့နယ်ငှားရမ်းခကြီးကြပ်ရေးဝန်သည် အမှုအမှတ် ၁၈/၉၄ တွင် တရားပြိုင် ဦးဝင်းကို (ခ)

ဦးဆန်နီနှင့် ၎င်း၏ဖခင် ဦးမောင်ကိုတို့၏ ကိုယ်တိုင်ထွက်ဆိုချက်များအရ အဆိုပါအချင်းဖြစ်အခန်းတွင် ၎င်းတို့အား အိုးအိမ်ဦးစီးဌာနမှ တရားဝင်အိမ်ငှားအဖြစ် ချထားပေးသည့် စာအထောက်အထား မရှိပါကြောင်း ထွက်ဆိုထားသည့်အပြင် ဦးမောင်ကိုသည် ၎င်းအခန်းတွင် မည်သည့်အခါကမျှ သန်းခေါင်စာရင်းဖြင့် တရားဝင် နေထိုင်ခဲ့ခြင်း မရှိကြောင်း ထွက်ဆိုချက်များအရ မြို့ပြ ဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဆ) အရ အိမ်ငှားဖြစ်ကြောင်း အထောက်အထား မရှိသဖြင့် အိမ်ငှားမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားသဖြင့် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂၁ (၁)(၄) နှင့် ၂၁(၇) အရ တရားဥပဒေနှင့်အညီ ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါလျက် ရန်ကုန်တိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့၏ စီရင်ချက်နှင့်ဒီကရီသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၄ အား ဆန့်ကျင်ဆုံးဖြတ်ရာရောက်ရှိကြောင်း၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်ရုံး၏ အမှုအမှတ် ၁၈/၉၄ တွင် လျှောက်ထားခံရသူဦးဝင်းကို(ခ)ဦးဆန်နီသည် အချင်းဖြစ်အခန်း၌ တရားမဝင် နေထိုင်သူဖြစ်ကြောင်း သတ်မှတ်ထားပြီးဖြစ်ပါလျက် တရားရုံးအဆင့်ဆင့်က ဦးဝင်းကို(ခ)ဦးဆန်နီသည် အချင်းဖြစ်အခန်းတွင် အိမ်ငှားအဖြစ် နေထိုင်သူဖြစ်ကြောင်း ကွဲလွဲ၍ ကောက်ယူဆုံးဖြတ်ခွင့် မရှိကြောင်း၊ အယူခံတရားပြိုင် ဦးဝင်းကို(ခ)ဦးဆန်နီသည် ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂(ဆ) အရ အိမ်ငှားဖြစ်ကြောင်း အထောက်အထားအဖြစ် ကုန်သွယ်ရေးဝန်ကြီးဌာနမှလည်းကောင်း၊ အိုးအိမ်ဦးစီးဌာနမှ လည်းကောင်း တရားဝင်အိမ်ငှားအဖြစ် ချထားပေးသည့် စာအထောက်အထား မရှိ၍ အချင်းဖြစ်အခန်းတွင် တရားမဝင် နေထိုင်သူဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက အယူခံတရားပြိုင်ဦးဝင်းကို၏ ဖခင် ဝိဇ္ဇာဦးမောင်ကိုအား နိုင်ငံပိုင် အသိမ်းခံရသည့်အခန်းအတွက် နေရာအစားပေးသည့်အနေနှင့် ၁၉၇၁ ခုနှစ်၊ ဇူလိုင်လမှစ၍ တော်လှန်ရေးကောင်စီအစိုးရ ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (အဆောက်အအုံအုပ်ချုပ်မှုဌာန) နှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့ ညှိနှိုင်း၍ အချင်းဖြစ်အခန်းတွင် တရားဝင်နေရာချထားပေးခဲ့ခြင်းဖြစ်ကြောင်း၊ အမှုတွင်ပေါ်ပေါက်ချက်များမှာ အယူခံ

တရားပြိုင်တို့သည် အိမ်လခများကို အိုးအိမ်ဦးစီးဌာနသို့ ပေးသွင်းခဲ့ရကြောင်း၊ ၁၉၉၃ ခုနှစ်တွင် ပိုင်ရှင်ဖြစ်သူ အယူခံတရားလို၏ဖခင် ဦးဘွန်စိန်အား နိုင်ငံတော်က ပြန်ပေးရာတွင် အယူခံတရားပြိုင်တို့ အိမ်ငှားများအဖြစ်ပါလာကြောင်း၊ ယင်းသို့ပြန်ပေးရာတွင် အိုးအိမ်ဦးစီးဌာနက အယူခံတရားလို၏ ဖခင်ထံပေးသော မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီး ဌာန၏ အိမ်ငှားအဖြစ် အယူခံတရားပြိုင်တို့ ပါရှိသည်ဟု ဖော်ပြထားကြောင်း၊ အယူခံတရားလိုအနေနှင့် " တယက " ၏ ညွှန်ကြားချက်ကို လက်ခံလိုက်နာပြီး တရားရုံးတွင် တရားစွဲဆိုသဖြင့်လည်းကောင်း၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်ရုံး၏ အမိန့်ကို အုပ်ချုပ်ရေးအာဏာအရ " တယက " ကဆက်လက်ဆောင်ရွက်ခွင့် မပြုတော့ဘဲ တရားရုံး၏ အဆုံးအဖြတ်ခံယူရန် အမိန့်ချမှတ်၍ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်ရုံး၏အမိန့်သည် ဆိတ်သုန်းသွားပြီဖြစ်သဖြင့် တရားရုံး၏ ဆောင်ရွက်ချက်သာ အတည်ဖြစ်နေကြောင်း၊ အယူခံတရားလိုက ငှားရမ်းခကြီးကြပ်ရေးဝန်၏ စီရင်ပိုင်ခွင့်ကို လက်မခံဘဲ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရန်ရောက်ရှိလာသည့်အခါ တရားရုံးသည် ငှားရမ်းခကြီးကြပ်ရေးဝန်၏ လက်အောက်ခံမဟုတ်သဖြင့် တရားရုံးရှေ့ရှိသက်သေခံချက်များအတိုင်း ဆုံးဖြတ်ခွင့်ရှိကြောင်း၊ ဦးမောင်ကိုပိုင်အခန်းကို ယခင်ကုန်သွယ်ရေးဌာနတာဝန်ခံ ဗိုလ်မှူးချုပ်တင်ဖေ၏ လုံခြုံရေးအတွက် အသိမ်းခံခဲ့ရရာ ယခုအချင်းဖြစ်အခန်းကို အစားပေးသည့်အနေနှင့် ၁၉၇၁ ခုနှစ်၊ ဇူလိုင်လမှစ၍ တော်လှန်ရေးကောင်စီအစိုးရ ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (အဆောက်အအုံအုပ်ချုပ်မှုဌာန) နှင့် ကုန်သွယ်ရေးဝန်ကြီးတို့ညှိနှိုင်း၍ အချင်းဖြစ်အခန်းတွင် တရားဝင် နေရာချထားပေးခဲ့ကြောင်း၊ အိမ်လခများကို အိုးအိမ်ဦးစီးဌာနသို့ ပေးသွင်းခဲ့ရကြောင်း၊ ၁၉၉၃ ခုနှစ်တွင် ပိုင်ရှင်ဖြစ်သူ အယူခံတရားလို၏ဖခင် ဦးဘွန်စိန်အား နိုင်ငံတော်ကပြန်ပေးရာတွင် လျှောက်ထားခံရသူတို့ အိမ်ငှားများအဖြစ် ပါလာကြောင်း၊ ယင်းသို့ပြန်ပေးရာတွင် အိုးအိမ်ဦးစီးဌာနက အယူခံတရားလို၏ဖခင်ထံ ပေးသောစာတွင် အိမ်ငှားအဖြစ် အယူခံတရားပြိုင်တို့ ပါရှိသည်ဟုဖော်ပြထားကြောင်း၊ တရားပြိုင်ပြသက်သေ ဦးမောင်ကို (ခ) ဦးဝိဇ္ဇာကိုက အထက်ပါအကြောင်းအရာများကို ထောက်ခံထွက်ဆိုသည့်ပြင် မိမိ၏သားဖြစ်သူအား နေခွင့်ပြုထားသော အခန်းဖြစ်သည်ဟု ထွက်ဆိုထားကြောင်း၊ ထို့ကြောင့် ပြည်သူပိုင်သိမ်း

အခန်းတွင် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေး အဖွဲ့မှ အငှားချထားခံရသူသည် အချင်းဖြစ်အခန်းကို ပြည်သူပိုင်သိမ်းခြင်း မှရုပ်စဲ၍ ပိုင်ရှင်သို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အခါ အဆိုပါ အငှား ချထားခံရသူသည် ပိုင်ရှင်၏ အိမ်ငှားအဖြစ် ဆက်လက်ရပ်တည်နိုင်ခြင်း ရှိသည်ဟု ဖြေဆိုရန်သာရှိကြောင်း လျှောက်လဲတင်ပြသည်။

မူလအမှုသည် ဒေါ်စန်းနိုင်က အချင်းဖြစ်အခန်းပါဝင်သည့် အဆောက်အအုံကို ၎င်းပိုင်ဆိုင်ကြောင်း အဆိုပြု၍ ထိုပိုင်ဆိုင်မှုကို အခြေပြု ကာ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၈ အရ ကျူးကျော် နေထိုင်သည့် ဦးဝင်းကိုတို့အား နှင်ထုတ်ဖယ်ရှားပြီး တိုက်ခန်း လက်ရောက် ရလိုမှု စွဲဆို ခြင်းဖြစ်သည်။

အချင်းဖြစ်တိုက်ခန်းပါဝင်သည့် အဆောက်အအုံသည် မူလရုံး တရားလို ဒေါ်စန်းနိုင် ပိုင်ဆိုင်ကြောင်း၊ အချင်းဖြစ်တိုက်ခန်းကို ပြည်သူပိုင် သိမ်းခဲ့ပြီးနောက် အမှတ် ၁ တရားပြိုင်ဦးဝင်းကို၏ဖခင် ဝိဇ္ဇာဦးမောင်ကို အား သက်ဆိုင်ရာမှ အိမ်ငှားချထားပေးခဲ့ကြောင်း၊ ထို့နောက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၆-၁-၉၃ ရက်စွဲပါစာအမှတ် အစရ (ရန်ကုန်) ပြည်သူပိုင်/၉၃(၁၃၁) အရ ပြည်သူပိုင်အိမ်ခန်းစာရင်းမှ ပယ်ဖျက်၍ မူလရုံးတရားလို ဒေါ်စန်းနိုင်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ ကြောင်း နှစ်ဘက်အငြင်းမပွားကြချေ။

အချင်းဖြစ်တိုက်ခန်းကို ဒေါ်စန်းနိုင်အား ပြန်လည်လွှဲပြောင်း ပေးသည့်အခါ အိမ်လခများကို အိမ်ရှင်က လက်မခံသဖြင့် ဦးဝင်းကိုက ဦးဘွန်စိန်နှင့် ဒေါ်စန်းနိုင်တို့အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၆ (၁) အရ ကျောက်တံတား မြို့နယ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်ရုံးတွင် အမှုအမှတ် ၁၅/၉၄ ဖြင့် လျှောက်ထားခဲ့သည်။ ထို့အတူ ဒေါ်စန်းနိုင်ကလည်း ဦးဝင်းကိုအပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂၁ (၄) နှင့် ၂၁ (၇) တို့အရ တရားမဝင်နေထိုင်သည့်အတွက် ဖယ်ရှား ပြီး နေထိုင်ခွင့်ပြုရန် ကျောက်တံတားမြို့နယ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံးတွင် အမှုအမှတ် ၁၇/၉၄ ဖြင့် လျှောက်ထားခဲ့သည်။ အဆိုပါ အမှုနှစ်မှုစလုံးကို ကျောက်တံတားမြို့နယ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဝန်က ဒေါ်စန်းနိုင်သို့ အသာပေးဆုံးဖြတ်ခဲ့သည်။ အဆိုပါ အမှုများတွင် ဦးဝင်းကိုအား တရားဝင်အိမ်ငှားတစ်ဦးဖြစ်သည်ဟု

မယူဆဘဲ တရားမဝင်နေထိုင်သူအဖြစ် သုံးသပ်ကာပုဒ်မ ၁၆ (၁) အရ ဦးဝင်းကိုလျှောက်ထားမှုကို ပလပ်သည့်အမိန့်ချခဲ့ပြီး ပုဒ်မ ၂၁ (၄) အရ ဒေါ်စန်းနိုင်ကို နေခွင့်ပြုကြောင်းနှင့် ပုဒ်မ ၂၁ (၇) အရ ဦးဝင်းကိုအား အချင်းဖြစ်အခန်းမှ ဖယ်ရှားထွက်ခွာသွားရန် အမိန့်ချမှတ်ခဲ့သည်။

၂၀၀၂
ဒေါ်စန်းနိုင်
နှင့်
ဦးဝင်းကို
ပါ ၂

ဒေါ်စန်းနိုင်က မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်၏ အမိန့်ကို အတည်ပြုဆောင်ရွက်ရာတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အချင်းဖြစ်တိုက်ခန်းတွင် နေထိုင်သူများအား ဖယ်ရှားပေးရေးကိစ္စနှင့်ပတ်သက်၍ တရားရုံးတွင် ဖြေရှင်းဆောင်ရွက်ရန် ၂၉-၅-၉၈ ရက်စွဲပါ သက်သေခံအမှတ် (ဆ) စာဖြင့် ဒေါ်စန်းနိုင်သို့ ပြန်ကြားခဲ့သဖြင့် ဒေါ်စန်းနိုင်က မူလအမှုကို တရားရုံးတွင် စွဲဆိုခြင်းဖြစ်သည်။

မူလရုံးတရားပြိုင် ဦးဝင်းကိုက အချင်းဖြစ်တိုက်ခန်းကို သက်ဆိုင်ရာ အိုးအိမ်ဦးစီးဌာနမှ ၄င်း၏ဖခင် ဝိဇ္ဇာဦးမောင်ကို အမည်ဖြင့် အိမ်ငှားချထားခြင်းဖြစ်ရာ ၁၉၇၁ ခုနှစ်ကပင် အိမ်လခများကို အိုးအိမ်ဦးစီးဌာနသို့ ပေးသွင်းပြီးနေထိုင်ခဲ့ခြင်းဖြစ်ကြောင်း ထုချေပြီး အိမ်လခပြေစာများ (၁၅) စောင်ကို သက်သေခံအမှတ် ၁ အရ လည်းကောင်း၊ ၁၉၇၁ ခုနှစ်မှစ၍ တရားဝင်နေထိုင်ကြောင်းကို သန်းခေါင်စာရင်းသက်သေခံအမှတ် ၂ အရလည်းကောင်း၊ ဗဟိုကုန်သွယ်ရေးမှ အိုးအိမ်ဦးစီးဌာနသို့ အချင်းဖြစ်တိုက်ခန်းအား ဝိဇ္ဇာဦးမောင်ကိုသို့ အခန်းအစားပေးရန် အကြောင်းကြားစာကို သက်သေခံအမှတ် ၃ နှင့် ၄ တို့အရ လည်းကောင်း၊ အိမ်ပိုင်ရှင်များဖြစ်သော ဦးဘွန်စိန်နှင့် သမီးဒေါ်စန်းနိုင် ၄င်းတို့၏ ကိုယ်စားလှယ် ဦးခင်မောင်လတ်မှတစ်ဆင့် အိမ်လခ ပေးသွင်းရန် အကြောင်းကြားစာများကို သက်သေခံအမှတ် ၅၊ ၆ နှင့် ၇ တို့အရ လည်းကောင်း၊ အိုးအိမ်ဦးစီးဌာနမှ အိမ်လခတောင်းခံသည့် အကြောင်းကြားစာသက်သေခံအမှတ် ၈ နှင့် အဆိုပါတိုက်ခန်းအား အဆောက်အအုံ ပိုင်ရှင်သို့ လွှဲပြောင်းပေးပြီးဖြစ်၍ အိမ်လခများကို ဦးမောင်ကိုမှ မူလ ပိုင်ရှင်ထံသို့ ပေးသွင်းရန်နှင့် လက်မခံပါက သက်ဆိုင်ရာမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ငှားရမ်းခကြီးကြပ်ရေးဝန်ထံ လျှောက်ထားရန် အကြောင်းကြားစာကို သက်သေခံအမှတ် ၉ အရလည်းကောင်း တင်ပြသည်။

ဦးအေးသောင်း(ပြိုင်ပြ- ၂) သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီး

ဌာနမှ ဦးစီးအရာရှိဖြစ်သည်။ ဦးအေးသောင်းက ပြည်သူပိုင်အိမ်ခန်းများ စာရင်းစာအုပ်တွင် ဦးမောင်ကိုအား အချင်းဖြစ်အခန်းကို အငှားချထား ကြောင်း၊ ဦးမောင်ကိုထံမှ အိမ်လခများ လက်ခံရရှိကြောင်း ထွက်ဆိုသည်။ သက်သေခံအထောက်အထားများအရ ဦးမောင်ကိုသည် အချင်းဖြစ် အခန်းတွင် အိမ်ငှားအဖြစ်နေထိုင်ကြောင်း ပေါ်ပေါက်သည်။

ကျောက်တံတားမြို့နယ် ငှားရမ်းခကြီးကြပ်ရေးဝန်ရုံး၏ အမှုအမှတ် ၁၈/၉၄ မှာ မူလရုံးတရားလို ဒေါ်စန်းနိုင်က ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂၁ (၄) နှင့် ၂၁ (၇) အရ ဦးဝင်းကိုအပေါ် လျှောက်ထားခဲ့ခြင်းဖြစ်သည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၂၁ (၄) ပါ ပြဋ္ဌာန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

> ၂၁ (၄) ကြီးကြပ်ရေးဝန်သည် ပုဒ်မခွဲ (၁) အရ လူနေထိုင်ရန် ဥပစာတစ်ခုခုမှ အိမ်ငှား ထွက်ခွာသွားကြောင်း၊ သို့တည်းမဟုတ် ထွက်ခွာမည့်ဆဲဆဲဖြစ်ကြောင်း၊ သို့တည်းမဟုတ် အဆိုပါ ဥပစာတစ်ခုခုမှ အိမ်ငှားထွက်ခွာ သွားပြီးနောက် ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရဘဲ တစ်ဦးတစ်ယောက်သောသူက ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့နောက်တွင် နေထိုင် ကြောင်းဖြင့် အကြောင်းကြားစာကိုရရှိသောအခါ သို့တည်းမဟုတ် အခြားနည်းဖြင့် သတင်းရရှိသောအခါ အိမ်ရှင်ထံညွှန်ကြားချက်ထုတ်၍ ထိုညွှန်ကြားချက်တွင် သီးခြားဖော်ပြထားသူ သို့တည်းမဟုတ် သီးခြားဖော်ပြ ထားသူများအား ဥပစာများလစ်လပ်သည့်အခါ အငှား ချထားရန် သို့တည်းမဟုတ် ဥပစာမှ အိမ်ငှားထွက်ခွာ သွားလျှင် ထိုသို့ အိမ်ငှားထွက်ခွာသွားသည့် ဥပစာကို အငှားချထားရန် ဆင့်ဆိုနိုင်သည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၂၁ (၇) ပါ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

> ၂၁ (၇) မည်သည့်အိမ်ငှား သို့တည်းမဟုတ် နေထိုင်သူမဆို ပုဒ်မခွဲ (၄) အရ ထုတ်သည့်ဆင့်ဆိုချက်တွင် သီးခြား ဖော်ပြထားသူ သို့တည်းမဟုတ် သီးခြားဖော်ပြ ထားသူ

၂၀၀၂
ဒေါ်စန်းနိုင်
နှင့်
ဦးဝင်းကို
ပါ ၂

များအား အငှားချထားရေးအတွက် အဆိုပါ လူနေထိုင်ရန် ဥပစာကို အိမ်ရှင်အားလက်ရောက်မပေးအပ်ဘဲ ပျက်ကွက်လျှင် အဆောတလျင် နှင်ထုတ်ခြင်းခံရမည်။

ပုဒ်မ ၂၁ (၄) တွင် လူနေထိုင်ရန် ဥပစာတစ်ခုခုမှ အိမ်ငှားထွက်ခွာသွားကြောင်း သို့တည်းမဟုတ် ထွက်ခွာသွားမည့်ဆဲဆဲဖြစ်ကြောင်း သို့တည်းမဟုတ် အဆိုပါဥပစာတစ်ခုခုမှ အိမ်ငှားထွက်ခွာသွားပြီးနောက် ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရဘဲ တစ်ဦးတစ်ယောက်သောသူက နေထိုင်ကြောင်းဖြင့် အကြောင်းကြားစာရရှိသောအခါ သို့တည်းမဟုတ် အခြားနည်းဖြင့် ငှားရမ်းခကြီးကြပ်ရေးဝန်က သတင်းရရှိသောအခါ အိမ်ရှင်ထံ ညွှန်ကြားချက်ထုတ်၍ ထိုညွှန်ကြားချက်တွင် ဖော်ပြထားသူအား ဥပစာတွင် လစ်လပ်သည့်အခါ အငှားချထားရန် သို့တည်းမဟုတ် ဥပစာမှ အိမ်ငှားထွက်ခွာသွားလျှင် ထိုသို့အိမ်ငှားထွက်ခွာသွားသည့် ဥပစာကို အငှားချထားရန် ဆင့်ဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။

ဥပစာကို တစ်ဦးတစ်ယောက်သောသူအား အငှားချထားရန် အိမ်ရှင်အားဆင့်ဆိုခွင့်ကို ပုဒ်မ ၂၁ (၄) တွင် ငှားရမ်းခကြီးကြပ်ရေးဝန်အား အပ်နှင်းထားရာ ထိုပုဒ်မအရ ကြီးကြပ်ရေးဝန်က ဆောင်ရွက်နိုင်ရန်မှာ အငှားချထားရမည့်ဥပစာသည် လူနေထိုင်ရန် ဥပစာဖြစ်ရမည်။ အိမ်ရှင်ရှိရမည်၊ ဥပစာမှ ယခင်အိမ်ငှားထွက်ခွာသွားပြီးဖြစ်ရမည် သို့မဟုတ် ထွက်ခွာသွားမည့်ဆဲဆဲဖြစ်ရမည် ဖြစ်သည်။

**ဦးစိန်လင်း နှင့် ရန်ကုန်မြို့၊ ငှားရမ်းခကြီးကြပ်ရေးဝန်ပါ၃**[၁] အမှုတွင် " လူနေထိုင်ရန် ဥပစာမှာ လစ်လပ်မှသာ ငှားရမ်းခကြီးကြပ်ရေးဝန်က ပုဒ်မ ၁၆-ကက (၄) [ယခုပုဒ်မ ၂၁ (၄)] အရ ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း၊ ဥပစာတွင်နေထိုင်ပြီးဖြစ်သည့်အချိန်တွင် ၎င်းသည်အရေးယူဆောင်ရွက်ခြင်းမပြုနိုင်၊ သို့ဖြစ်၍ ၎င်း၏ဆောင်ရွက်ချက်သည် စီရင်ပိုင်ခွင့်အာဏာမရှိဘဲ ဆောင်ရွက်ခြင်းဖြစ်ကြောင်း လမ်းညွှန်ထုံးဖွဲ့ထားသည်။

သက်သေခံအထောက်အထားများအရ အချင်းဖြစ်တိုက်ခန်းတွင် မူလရုံးတရားပြိုင် ဦးဝင်းကို နေထိုင်လျက်ရှိကြောင်း အငြင်းမပွားချေ။

(၁) ၁၉၅၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်) စာ-၁၅၆

ဦးဝင်းကိုသည် ၎င်း၏ဖခင်အိမ်ငှားဝိဇ္ဇာ ဦးမောင်ကိုအား အကြောင်းပြု၍ အိမ်ငှား၏မိသားစုဝင်အဖြစ် နေထိုင်ခြင်းဖြစ်သည်။ အိမ်ငှား၏မိသားစုများ နေထိုင်လျက်ရှိသဖြင့် အချင်းဖြစ်တိုက်ခန်းမှ အိမ်ငှားထွက်ခွာသွားပြီးဖြစ်သည် သို့တည်းမဟုတ် ထွက်ခွာသွားမည့်ဆဲဆဲဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ထိုအခန်းသည် လစ်လပ်သည့်အခန်းမဟုတ်ချေ။ သို့ဖြစ်၍ ငှားရမ်းခကြီးကြပ်ရေးဝန်အနေဖြင့် ပုဒ်မ ၂၁ (၄) အရ အချင်းဖြစ်တိုက်ခန်းနှင့်စပ်လျဉ်း၍ အငှားချထားရန် ပိုင်ရှင်အား ဆင့်ဆိုနိုင်မည်မဟုတ်ပေ။ ထိုသို့ ဆင့်ဆိုနိုင်မည် မဟုတ်သောကြောင့် ပုဒ်မ ၂၁(၇) အရ အရေးယူဆောင်ရွက်ရန်လည်း အကြောင်းမပေါ်ပေါက်ချေ။

မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်၏ပုဒ်မ ၂၁ (၄) နှင့် ပုဒ်မ ၂၁ (၇) တို့အရ လုပ်ပိုင်ခွင့်တွင် အချင်းဖြစ်တိုက်ခန်းတွင် နေထိုင်သူသည် အိမ်ငှားဟုတ်မဟုတ် တရားမဝင်နေထိုင်သူဖြစ်သည်ဟု ဆုံးဖြတ်ရန် ထိုဥပဒေက အခွင့်အာဏာ ပေးထားခြင်းမရှိပေ။ အခွင့်အာဏာ ပေးအပ် ထားခြင်းမရှိဘဲနှင့် ဆုံးဖြတ်ထားသည့် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ် ရေးဝန်၏ဆုံးဖြတ်ချက်ကို တရားရုံးက လိုက်နာရန်မလိုချေ။ စီမံခန့်ခွဲရေး နည်းလမ်းအရ ဆောင်ရွက်ထားသော မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဝန်၏ အမှုအမှတ်၁၈/၉၄ ပါ ဆုံးဖြတ်ချက်သည် အခွင့်အာဏာမရှိဘဲ ဆုံးဖြတ်ချက်ဖြစ်၍ တရားရုံး၏စီရင် ဆုံးဖြတ် ချက်များအပေါ် လွှမ်းမိုးသည့်စည်းနှောင်အားရှိသော ဆုံးဖြတ်ချက်မဟုတ်ပေ။ **ဒေါ်တင်အေး နှင့် ဦးအီဘရာဟင်အလီမိုဟာမက်မာစတာအမှု**[၂] တွင် တရားရုံးချုပ်က မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအဖွဲ့၏အမိန့်သည် တရားဝင်သောအမိန့်မဟုတ်ပါက ယင်းအမိန့်ကိုအခြေခံကာ ကန့်ကွက်တင်ပြခြင်းမပြုနိုင်ကြောင်း ဆုံးဖြတ်ထားသည်ကို တွေ့ရှိနိုင်သည်။

တရားရုံးသည် အမှုတွင် နှစ်ဘက်တင်ပြသည့်သက်သေခံ အထောက်အထားများအပေါ် ပြည့်စုံစွာသုံးသပ်၍ ဆုံးဖြတ်ရမည်ဖြစ်သည်။

မူလရုံးတရားလို ဒေါ်စန်းနိုင်သည် အိုးအိမ်ဦးစီးဌာနက ပြည်သူပိုင်ပြုလုပ်ထားသော အချင်းဖြစ်တိုက်ခန်း ပိုင်ဆိုင်မှုကို ၎င်းအား ပြန်လည်လွှဲပြောင်းပေးအပ်သည့်နေ့မှစ၍ ယင်းတိုက်ခန်းနှင့်စပ်လျဉ်းသည့် အခွင့်အရေးအရပ်ရပ်ရရှိခဲ့သည်။

---

(၂) ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ -၁၀၉ (၁၁၃)

ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၉ တွင် အငှားချထားသူက အငှားချထားသည့်ပစ္စည်းကို လွှဲပြောင်းပေးလျှင် လွှဲပြောင်းပေးသည့်ပစ္စည်းနှင့်ပတ်သက်သည့် အငှားချထားသူ၏ အခွင့်အရေးအားလုံး လွှဲပြောင်းခံယူသူက လက်ခံရရှိကြောင်း အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

" ပုဒ်မ ၁၀၉ အငှားချထားသူက အငှားချထားသည့် ပစ္စည်းကိုဖြစ်စေ၊ ပစ္စည်း၏အစိတ်အပိုင်း ကိုဖြစ်စေ၊ ပစ္စည်းအပေါ် အကျိုးသက်ဆိုင်မှု အစိတ်အပိုင်း ကိုဖြစ်စေလွှဲပြောင်းပေးလျှင် အခြားနည်းဆန့်ကျင်သည့် ပဋိညာဉ်မရှိပါက အငှားချထားသူသည် ပစ္စည်းကို ပိုင်ဆိုင်သူဖြစ်နေသရွေ့လွှဲပြောင်းပေးအပ်သည့်ပစ္စည်း သို့မဟုတ် အစိတ်အပိုင်းနှင့်ပတ်သက်သည့် အငှားချထားသူ၏ အခွင့်အရေးအားလုံးကို လွှဲပြောင်းလက်ခံယူသူက ရရှိစေရမည့်အပြင် ငှားရမ်းသူက လက်ခံလျှင် အငှားချထားသူ၏ တာဝန်အားလုံးမှာလည်း လွှဲပြောင်းခံယူသူအပေါ် ကျရောက်စေရမည်။ "

အချင်းဖြစ်တိုက်ခန်းသည် ပြည်သူပိုင်သိမ်းထားသည့်တိုက်ခန်းဖြစ်၍ အချင်းဖြစ်တိုက်ခန်းကို အမှတ် ၁ တရားပြိုင် ဦးဝင်းကို၏ဖခင် ဝိဇ္ဇာဦးမောင်ကိုသို့ အိုးအိမ်ဦးစီးဌာနမှ အငှားချထားခဲ့ကြောင်း သက်သေထင်ရှားပေါ်ပေါက်သည်။ အချင်းဖြစ်တိုက်ခန်းကို အငှားချထားခဲ့သည့် အနေအထားဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက အဆောက်အအုံပိုင်ရှင် ဦးဘွန်စိန်နှင့် ဒေါ်စန်းနိုင်တို့အား ၂၆-၁-၉၃ ရက်စွဲပါ သက်သေခံအမှတ် (ဂ) ဖြင့် လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ပြည်သူပိုင်သိမ်းထားသည့်အခန်းကို ပြည်သူပိုင်သိမ်းခြင်းမှ ရပ်စဲ၍ ပိုင်ရှင်သို့ပြန်လည်လွှဲပြောင်းပေးအပ်သည့်အခါ အဆိုပါ ပြည်သူပိုင်သိမ်းထားသည့်အခန်းတွင် အငှားချထားခြင်းခံရသူသည် ပိုင်ရှင်၏ အိမ်ငှားအဖြစ် ဆက်လက်ရပ်တည်သည်။ ဤမူသဘောကို **ဗိုလ်မှူးဇော်လင်းပါ- ၂ နှင့် ဒေါ်စိန်တီအမှု**[၃] တွင် လမ်းညွှန်ထုံးဖွဲ့ထားပြီး

(၃) ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၈၉ (စုံညီ)

ဖြစ်သည်။

သို့ဖြစ်၍ အိုးအိမ်ဦးစီးဌာန၏ အိမ်ငှားဖြစ်သူ ဦးမောင်ကိုသည် ဦးဘွန်စိန်နှင့် သမီးဒေါ်စန်းနိုင်တို့၏ အိမ်ငှားဖြစ်လာသည်။

အထက်ပါ သုံးသပ်ချက်များအရ အထူးအယူခံခုံရုံးက ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

၁။ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်ရုံး၏ အမှုအမှတ် ၁၈/၉၄ တွင် လျှောက်ထားခံရသူ ဦးဝင်းကိုသည် အချင်းဖြစ်အခန်း၌ တရားမဝင်နေထိုင်သူဖြစ်ကြောင်း သတ်မှတ်ထားပြီးပါလျက် တရားရုံးအဆင့်ဆင့်က ဦးဝင်းကိုသည် အချင်းဖြစ်အခန်းတွင် အိမ်ငှားအဖြစ် နေထိုင်သူဖြစ်ကြောင်း ကွဲလွဲ၍ ကောက်ယူဆုံးဖြတ်ခွင့်ရှိကြောင်း၊

၂။ ပြည်သူပိုင်သိမ်းအခန်းတွင် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့မှ အငှား ချထားခံရသူသည် အချင်းဖြစ်အခန်းကို ပြည်သူပိုင်သိမ်းခြင်းမှရုပ်စဲ၍ ပိုင်ရှင်သို့ ပြန်လည် လွှဲပြောင်းပေးအပ်သည့်အခါ အဆိုပါ အငှားချထားခံရသူသည် ပိုင်ရှင်၏ အိမ်ငှား အဖြစ်ဆက်လက်ရပ်တည်နိုင်ကြောင်း။

ဤတရားမအထူးအယူခံမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကျပ် ၃၀၀ဝိ/- သတ်မှတ်သည်။